*ချက်ချင်းထုတ်ပြန်ရန်*

**ဌာနနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ထိခိုက်စေလျက်ရှိသော ကာကွယ်ထိန်းသိမ်းရေး စီမံကိန်းကို စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးအဖွဲ့ မြန်မာနိုင်ငံ လာရောက်ခြင်း**

တနောသရီ ထိန်းသိမ်းရေး ဆိုင်ရာမဟာမိတ်အဖွဲ့ (CAT) နှင့် Accountability Counsel

**မြိတ်၊ မြန်မာ၊ ဇူလိုင် ၂၄၊ ၂၀၁၉ -**

ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် (UNDP) ၏ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဇူလိုင် ၁၈ ရက်မှ ၂၀ အတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးရှိ ကြီးမားကျယ်ပြန့်သော ကာကွယ်ထိန်းသိမ်းရေးတော စီမံကိန်းသို့ လာရောက်စစ်ဆေးခဲ့သည်။ ယင်းကာကွယ်ထိန်းသိမ်းရေးစီမံချက်သည် နိုင်ငံအတွင်း နှစ်ပေါင်း ၇၀ အကြာ စစ်ရေးပဋိပက္ခ ဖြစ်ပွားနေသော တနင်္သာရီဒေသတွင်ရှိပြီး ထိုဒေသနေ ဌာနတိုင်းရင်းသားများကို ကြီးစွာသော ဘေးဒုက္ခတွေ့စေနိုင်သော စီမံကိန်းလည်း ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး လေညာဒေသမှ ကရင်ဌာနေတိုင်းရင်းသား ကျေးရွာအများအပြားမှ ကျေးရွာသူကျေးရွာသား ၁၅၀ ဝန်းကျင်သည် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးဌာန (လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတိုင်ကြားရေး ဌာန - SECU ဟု သုံးနှုန်းသည်) နှင့် တွေ့ဆုံခဲ့ပြီး 'တောင်တန်းများမှ ပင်လယ်သန္တာကျောက်တန်းများ ဆီသို့' စီမံကိန်း (Ridge to Reef Project) အပေါ် ၎င်းတို့၏ စိုးရိမ်ချက်များကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ယင်းစီမံကိန်းကို အစိုးရ ကာကွယ်ထိန်းသိမ်းရေး ဧရိယာအဖြစ် တနင်္သာရီတိုင်းဒေသကြီးရှိ မြေဧက ၃.၅ သန်း ပေါ်တွင် ထူထောင်မည်ဖြစ်သည်။ ယင်းစီမံကိန်းကို ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်၏ အကောင်အထည်ဖော်မှုဖြင့် အမေရိကန်ဒေါ်လာ ၂၁ သန်းအသုံးပြု လုပ်ဆောင်နေသည်။ ထိုသို့ လုပ်ဆောင်ရာတွင် Global Environment Facility (GEF) ၏ ရန်ပုံငွေဖြင့်၊ မြန်မာအစိုးရ အပါအဝင် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် အဖွဲ့ (FFI)၊ Smithsonian Institute တို့၏ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

"အဲဒီ စီမံကိန်း နယ်မြေထဲမှာ ကျေးရွာ ၂၂၄ ရွာ ရှိပါတယ်။ အဲဒီထဲမှာ ကရင်ဌာနေ တိုင်းရင်းသားတွေရဲ့ကျေးရွာ ၇၃ ရွာ ရှိပါတယ်။ ဒီစီမံကိန်းက သူတို့ရဲ့ မြေယာ နဲ့ သစ်တော အခွင့်အရေး၊ စီမံကိန်းထဲ ရောက်နေတဲ့ သူတို့ မြေတွေဆီ ပြန်လာကြမဲ့ ဒုက္ခသည် နဲ့ IDP ( ပြည်တွင်း နေရပ်ရွှေ့ပြောင်းနေထိုင်သူများ) အခွင့်အရေး၊ အဲဒါတွေကို ခြိမ်းခြောက်နေပြီးတော့ ဒေသတွင်းမှာ ငြိမ်းချမ်းတည်ငြိမ်မှုကို ပျက်ပြားစေနိုင်ပါတယ်"ဟု တနောသရီထိန်းသိမ်းရေးဆိုင်ရာမဟာ မိတ်ဖက် အဖွဲ့

(CAT) ၏ အဖွဲ့ဝင် အဖွဲ့တစ်ခုဖြစ်သော တောင်ပိုင်းလူငယ်ဖွံ့ဖြိုးရေး အဖွဲ့၏ ဒါရိုက်တာ စောစံငွေ က ပြောကြားသည်။ CAT သည် ကရင် အရပ်ဖက်အဖွဲ့အစည်းများ စုပေါင်းထားသော မိတ်ဖက် အဖွဲ့ တစ်ခု ဖြစ်သည်။

CAT အနေဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တိုင်ကြား ရေး ဌာန (SECU) သို့ ကန့်ကွက်လွှာတင်ခဲ့ပြီး UNDP ၏ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ လမ်းညွှန်ချက်များကို ချိုးဖောက်မှု ရှိ၊ မရှိ စစ်ဆေးပေးရန် တောင်းဆိုခဲ့သည်။ ယင်းအပြင် ဌာနေတိုင်းရင်းသားများအပေါ် ကြီးမားပြီး ပြန်အစားထိုးမရနိုင်သော ဘေးတွေ့စေနိုင်သည့် စီမံ ကိန်းကို ရပ်ဆိုင်းထားရေးလည်း တောင်းဆိုခဲ့သည်။ ထိုကန့်ကွက်လွှာ အကျုံးဝင်သွားပြီးနောက် SECU မှ နှစ်ကြိမ် ပြုလုပ်မည်ဖြစ်သော စုံစမ်းစစ်ဆေးမှု၏ ပထမဆုံးအဖြစ် ဇူလိုင် ၁၈ ရက်နေ့မှ ၂၀ ရက် နေ့အကြား သက်ဆိုင်ရာ ရပ်ရွာများသို့ သွားရောက်စုံစမ်းစစ်ဆေးခဲ့သည်။ UNDP မြန်မာ ကလည်း စုံစမ်းစစ်ဆေးမှုပြီးစီးသည် အထိ စီမံကိန်းကို ရပ်ဆိုင်းထားခဲ့သည်။

အစိုးရ၏ ကာကွယ်တော စီမံကိန်းသည် သစ်တောကို အမှီသဟဲပြုပြီး အသက်မွေးနေထိုင်သော ရပ်ရွာများနှင့် ၎င်းတို့၏ နေထိုင်အသက်မွေးမှုပုံစံကို ပျက်စီးစေခဲ့သဖြင့် ယုံကြည်စရာ မကောင်း ကြောင်း Compliance အရာရှိ Anne Perrault၊ ဌာန ညှိနှိုင်းရေးမှူး Pual Goodwyn တို့ ပါဝင် သော SECU ကိုယ်စားလှယ် အဖွဲ့ကို ဒေသခံများက ပြောဆိုကြသည်။ သစ်တောကို ထိန်းသိမ်းရ မည့်အစား အစိုးရသည် သစ်အများအပြား ထုတ်လုပ်ခွင့်ပြုခြင်း၊ ဆီအုန်းကုမ္ပဏီများ အပါအဝင် အကြီးစားစီးပွားရေးလုပ်ငန်းများကို မြေယာချထားပေးခြင်းတို့ လုပ်ဆောင်ခဲ့သည်။ အစိုးရက ထိုသို့ လုပ်ဆောင်နေစဉ်အချိန်တွင်ပင် ကရင်ဌာနေတိုင်းရင်းသားတို့မှာ ၎င်းတို့၏ ရှေးဦး ထုံးထမ်း နည်းနာများအတိုင်း သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ရာစုနှစ်ချီ၍ အောင်မြင်စွာ ထိန်းသိမ်းခဲ့ ကြပြီးဖြစ်သည်။ ယင်းအကြောင်းများကြောင့်ပင် Ridge to Reef စီမံကိန်း အလိုမရှိကြောင်း ဒေသ ခံဌာနေတိုင်းရင်းသားများ ထုတ်ဖော်ခဲ့ကြခြင်း ဖြစ်သည်။

"စီမံကိန်းဆိုတာ အထက်ကနေ ချထားပေးတဲ့ Top-down ပုံစံနဲ့ လုပ်နေတာပါ။ အဲလို ထိန်းသိမ်း ရေးနည်းပုံစံက ကရင်ဌာနေတိုင်းရင်းသားတွေကို ဘေးဒုက္ခဖြစ်စေပါတယ်"ဟု CAT မှ ဆော်ဩရေးမှူး (Convenor) နော်အယ်ထီးဝါးက ပြောကြားသည်။ "ဌာနေတိုင်းရင်းသားတွေရဲ့ မြေယာ၊ သစ်တောတွေကို ဓလေ့ထုံးထမ်းနဲ့ အညီ ထိန်းသိမ်းမှုပုံစံများကို အသိအမှတ်ပြု လေးစား ဖို့ ကျွန်မတို့က အစိုးရ နှင့် UNDP ကို တောင်းဆိုပါတယ်။ အဲလို အလုံးစုံ အသိအမှတ်မပြု မချင်း စီမံကိန်းကို မစသင့်ပါဘူး"

အရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲများရှိရာ ဒေသတွင် မျိုးဆက်ပေါင်းများစွာ စီမံထိန်းသိမ်း အသုံးပြုလာခဲ့သော ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ထုံးထမ်းနှင့် အညီမြေယာရယူအသုံးပြုနည်းကို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေသည် အသိအမှတ်ပြုထားခြင်း မရှိပေ။ ရပ်ရွာဒေသခံများနှင့် CAT အဖွဲ့တို့သည် ထိုဒေသကို ကာကွယ်ထိန်းသိမ်းရာတွင် မတူခြားနားသော နည်းလမ်းဖြင့်ချဉ်းကပ်သည့် ပုံစံတစ်ရပ် ရှိလာရေး ဖော်ဆောင်နေပါသည်။ ယင်းပုံစံမှာ ကရင်ပြည်နယ်တွင် ဖော်ဆောင်ခဲ့သည့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် နှင့် မနီးယိုးစွဲ တူညီသည့် ရိုးရာနည်းအတိုင်း နယ်မြေသတ်မှတ်ခြင်း၊ ထိန်းသိမ်းခြင်း နည်းစနစ်များကို အခြေပြုထားပါသည်။

စီမံကိန်းအကြောင်းမည်သည့် အချိန်ကမျှ ၎င်းတို့နှင့် ဆွေးနွေးညှိနှိုင်းခြင်း မရှိကြောင်း ကျေးရွာသူကျေးရွာသားများက SECU ကိုယ်စားလှယ်များကို ပြောဆိုခဲ့သည်။ စီမံကိန်းကြောင့် ဒေသအတွင်း စစ်ရေး ပဋိပက္ခများ ပြန်ဖြစ်လာမည်ကိုလည်း စိုးရိမ်ကြောင်း ၎င်းတို့က ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ယင်းနယ်မြေမှာ အစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) တို့ ပူးတွဲ စီမံအုပ်ချုပ်နေသော နယ်မြေဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်ပါက ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်ပါအချက်များကို ချိုးဖောက်ရာရောက်သော ကြောင့် ဖြစ်သည်။

"UNDP က the Ridge to Reef စီမံကိန်းကို အကောင်အထည်ဖော်တဲ့ နေရာမှာ ကုလသမဂ္ဂက ပြဋ္ဌာန်းထားတဲ့ ဌာနေတိုင်းရင်းသားများ အခွင့်အရေး (UNDRIP) ကို ချိုးဖောက်နေပါတယ်။ UNDP ကိုယ်တိုင်ကိုယ်က UNDP ရဲ့ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များကို ချိုးဖောက်နေပါတယ်"ဟု Accountability Counsel အဖွဲ့၏ Communities Co-Director ဖြစ်သူ Anirudha Nagar က ပြောကြားသည်။ Accountability Counsel မှာ UNDP တို့ တင်သွင်းသည့် ကန့်ကွက်လွှာ လုပ်ငန်းစဉ်ဆိုင်ရာ အတွက် CAT ကို ဥပဒေပိုင်းဆိုင်ရာ ကူညီပေးနေသော အဖွဲ့ဖြစ်သည်။ "UNDP ဟာ ရပ်ရွာဒေသခံတွေနဲ့ အသေအချာ ဆွေးနွေးညှိနှိုင်းဖို့ ပျက်ကွက်ခဲ့ပါတယ်။ လုပ်ရမယ်လို့ သတ်မှတ်ထားတဲ့ လွတ်လပ်စွာ ကြိုတင်ညှိနှိုင်းသဘောတူညီချက် (FPIC) ယူဖို့ကိုလည်း ပျက်ကွက်ခဲ့ပါတယ်။ အပစ်အခတ်ရပ်စဲရေးသဘောတူထားသော ဧရိယာအတွင်း နေထိုင်သောဌာနေတိုင်းရင်းသားတွေကို ဘေးအန္တရာယ်မြောက်များစွာပေးပြီး အဲဒီနေရာကို UNDP က အလွန်အရဲစွန့်လုပ်ရမဲ့ စီမံကိန်းအစား အတော်အသင့်လို့ အမျိုးအစား ခွဲခြားသတ်မှတ်ထားတာဟာ လက်မခံနိုင်စရာပါ။ ပြီးတော့ ဌာနေတိုင်းရင်း သားတွေအတွက် ခိုင်မာတဲ့ အစီအစဉ် (Indigenous Peoples Plan) မရှိတာ၊ လူမှုရေးနဲ့ သဘာဝပတ်ဝန်းကျင်သက်ရောက်မှု စစ်တမ်းတွေလည်း လုပ်ဖို့ ပျက်ကွက်ခဲ့ပါတယ်"

UNDP မြန်မာ၊ GEF၊ FFI၊ KNU နှင့် မြန်မာအစိုးရ တာဝန်ရှိသူများ အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံဆွေးနွေးပြီးပါက အပြီးသတ်စုံစမ်းစစ်ဆေးရေး အစီရင်ခံစာကို

၂၀၂၀ ခုနှစ် အစောပိုင်းတွင် ထုတ်ပြန်နိုင်မည်ဟု မျှော်လင့်ကြောင်း SECU က ဒေသခံများကို အသိပေးထားသည်။ စီမံကိန်းအနေနှင့် UNDP လမ်းညွှန်ချက်များ ချိုးဖောက်မှုအပေါ်ကို မည်သို့ ပြန်လည်ကုစားနိုင်ပြီး ဌာနေတိုင်းရင်းသား အခွင့်အရေးကို မည်သို့ လေးစားလိုက်နာသင့်ကြောင်း UNDP ကိုအကြံပြုထားချက် ယင်းအစီရင်ခံစာတွင် ပါရှိမည် ဖြစ်သည်။

“စုံစမ်းစစ်ဆေးရေး အဖွဲ့ အနေနှင့် ကျွန်မတို့ ဒေသ မြေပြင် အနေအထားကို နားလည်သဘော ပေါက်ပြီးတော့ ဒေသခံတွေရဲ့ စိုးရိမ်ချက်တွေကို ဖြေရှင်းပေးနိုင်ဖို့ အားကောင်းတဲ့ အကြံပြုချက်တွေ ထုတ်ပြန်ပေးမယ်လို့ မျှော်လင့်ပါတယ်။ UN တာဝန်ရှိသူတွေကလည်း အဲဒီအတိုင်း လိုက်နာမယ်လို့ မျှော်လင့်ပါတယ်။ အထက်အောက်ပုံစံသုံးပြီး ကိုလိုနီခေတ်ပုံစံ ကာကွယ်ထိန်းသိမ်းရေး စီမံကိန်းရဲ့ အခြေခံပြဿနာတွေကို မဖြေရှင်းနိုင်သေးသရွေ့ ဒီစီမံကိန်း ဆက်လုပ်ခွင့် မပြုသင့်ပါဘူး”ဟု နော်အယ်ထီးဝါးက ပြောသည်။


ဆက်သွယ်ရန်

နော်အယ်ထီးဝါး - Convenor, Conservation Alliance Tanawthari:

ehhteewah@gmail.com, ဖုန်း +၉၅ ၉၄၅၉၂၅၄၅၈၇ +

Anirudha Nagar, Communities Co-Director, Accountability Counsel:
anirudha@accountabilitycounsel.org, ဖုန်း +၉၁ ၈၁၃၀၁၃၇၈၈၆၉


**ထပ်မံသိရှိလိုပါက အောက်ပါ အင်တာနက်စာမျက်နှာများတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

https://www.iccaconsortium.org/index.php/2018/07/13/stop-the-ridge-to-reef-project-in-burma-myanmar/

https://www.accountabilitycounsel.org/client-case/myanmar-ridge-to-reef-conservation-project/#overview